# အနှစ်ချုပ် အစီရင်ခံစာ - မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက် ဝန်ဆောင်မှု ဖြတ်တောက်ခြင်း

ဩဂုတ်လ ၁၄ ရက် ၊ ၂၀၁၉ ခုနှစ်။

**နောက်ခံအခြေအနေ**

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက တယ်လီဖုန်းအော်ပရေတာများကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင်းရှိ မြို့နယ်ပေါင်း (၉) မြို့နယ်၌ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် အခြေအနေများနှင့် အင်တာနက်အသုံးပြု၍ ဥပဒေနှင့် မညီသည့် လုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်နေမှုတို့ကြောင့် အင်တာနက်ဝန်ဆောင်မှု ရပ်တန့်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်[1]။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ညွှန်ကြားချက်နှင့် ပတ်သက်၍ တရားဝင်မှတ်ချက်ပြုရန် ငြင်းဆိုသည်။ ယခုအခါ အင်တာနက်ပိတ်ဆို့မှုသည် ရက်သတ္တ  ရှစ်ပတ်အတွင်း ရောက်ရှိပြီ ဖြစ်သည်။

တိုက်ပွဲများဖြစ်ပွားနေလျှက် ပြည်သူများ ထိခိုက်ဒဏ်ရာရကြောင်း မကြာခဏ တွေ့မြင်ရသည့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုအတွက် အင်တာနက် ပိတ်ဆို့မှု စတင်ကတည်းက စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းက မြန်မာ့တပ်မတော်၏ နယ်မြေရှင်းလင်းရေး စီမံချက်လုပ်ဆောင်မှုဖြင့် ရိုဟင်ဂျာ ဒုက္ခသည် ၇၀၀၀၀၀ ကျော် ထွက်ပြေးခဲ့ရသဖြင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေး မစ်ရှင်က တာဝန်ရှိသော အဆင့်မြင့်အရာရှိကြီးများအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတွင် လူမျိုးတုံး သတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်အတွင်း ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေး၊ တရားစွဲဆိုရန် ဦးဆောင်တိုက်တွန်းနေသည်[2]။ အင်တာနက် ဝန်ဆောင်မှုရပ်ဆိုင်းလိုက်သည့် ဒေသများသည် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် ရက္ခိုင့်တပ်မတော် တို့တိုက်ပွဲများ ဖြစ်ပွားနေရာ ဖြစ်သည်။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်သူများက ပဋိပက္ခအခြေအနေအတွင်း နှစ်ဖက်လက်နက်ကိုင်တပ်များ၏ အရပ်သား ပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင် ထားကြသည်[3]။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ

[1] Telenor, 'Network shutdown in Myanmar,' 21 June 2019, https://www.telenor.com/network-shutdown-in- myanmar-21-june-2019/.

[2] Report of the detailed findings of the Independent International Fact-Finding Mission on Myanmar, 18 September 2018, UN Doc A/HRC/39/CRP.2.

[3] Amnesty International, 'Myanmar: "No one can protect us": War crimes and abuses in Myanmar's Rakhine State', 29 May 2019, https://www.amnesty.org/en/documents/asa16/0417/2019/en/.

အထူးကိုယ်စားလှယ်က လက်ရှိလက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေသည့် ဒေသတွင် အင်တာနက် ဝန်ဆောင်မှု ရပ်ဆိုင်းခြင်းကြောင့် အရပ်သားပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖုံးကွယ်လိုက်မည်ကို လွန်စွာ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်[4]။

မြန်မာနိုင်ငံတွင် အင်တာနက်ကို မိုဘိုင်းဖုန်းများကတစ်ဆင့် အသုံးပြုမှု အလွန်မြင့်မားသည်[5]။ သို့ဖြစ်ရာ အဆိုပါ ပိတ်ဆို့မှုသည် လူတစ်ဦးချင်းစီ၏ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ရယူနိုင်ရေးတို့အပေါ် များစွာ သက်ရောက်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှု အော်ပရေတာများ၊ ကုန်သည်ကြီးများအသင်းတို့က အင်တာနက်ပိတ်ဆို့မှုကြောင့် ဆိုးကျိုးသက်ရောက်မှုများကို ထောက်ပြ ပြောဆိုခဲ့ကြသည်။ ၎င်းတို့ ထောက်ပြချက်များတွင်အောက်ပါအချက်များ ပါဝင်သည် -

- ဘေးအန္တရာယ် လုံခြုံရေးနှင့် အကာအကွယ်ရရှိရေးဆိုင်ရာ သတင်းအချက်အလက်များ မရနိုင်ခြင်း[6]၊
- အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက ပြည်သူများအချင်းချင်းအကြား ဆက်သွယ်နိုင်မှု မရှိခြင်း[7] ၊
- ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် အခြေခံ အခွင့်အရေးများ ရရှိနိုင်ခွင့်အား ထိခိုက်စေခြင်း[8]၊
- စီးပွားရေးအား ထိခိုက်စေခြင်း [9]၊
- ကျေးလက်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးနေသည့် အဖွဲ့အစည်းများသည် သတင်းစကားပေးပို့ရန် အင်တာနက်ဝန်ဆောင်မှုများကို အားထား အသုံးပြုရသည့်အတွက် ၎င်းတို့၏ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာစေခြင်း[10] နှင့်
- လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းရယူရန်ကြိုးပမ်းမှုများအား ပိတ်ဆို့ခြင်း[11] ၊

**လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် အင်တာနက် ပိတ်ဆို့မှုများဆိုင်ရာ နိုင်ငံတကာ စံနှုန်းများ**

---

[4] UN Office of the High Commissioner for Human Rights, 'Myanmar: UN expert 'fears for civilians' after Internet shutdown', 24 June 2019, https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx .

[5] Freedom House, 'Freedom on the Net 2018: Myanmar,' https://freedomhouse.org/report/freedom- net/2018/Myanmar .

[6] Amnesty International, 'Myanmar: End Internet Shutdown in Rakhine, Chin States,' 25 June 2019, https://www.amnesty.org/download/Documents/ASA1606042019ENGLISH.PDF .

[7] Eleven Myanmar, 'Rakhine Lower House MP to persist in striving for internet ban removal in Rakhine State in Union Parliament,' 12 July, 2019, https://elevenmyanmar.com/news/rakhine-lower-house-mp-to-persist-in- striving-for-internet-ban-removal-in-rakhine-state-in .

[8] Ibid.

[9] 'Statement from EU Investors in Myanmar on the Internet Shutdown in Northern Rakhine,' 10 July 2019, https://eurocham-myanmar.org/post/430/Statement-From-EU-investors-in-Myanmar-on-the-internet- shutdown-in-Northern-Rakhine.

[10] Fortify Rights, 'Myanmar: Lift Internet-Blackout in Rakhine and Chin States', 22 July 2019, https://www.fortifyrights.org/publication-20190722.html .

[11] Amnesty International, 'Myanmar: End Internet Shutdown in Rakhine, Chin States,' 25 June 2019, https://www.amnesty.org/download/Documents/ASA1606042019ENGLISH.PDF .

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၁၉) ၊ အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် (၁၉) နှင့် လိုက်နာရမည့် နိုင်ငံတကာ ဥပဒေ (customary international law) တို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက် ရယူခွင့်တို့ကို အကာအကွယ် ပေးထားသည်။ နိုင်ငံတကာ ဥပဒေများအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရာတွင် အဆင့်သုံးဆင့် ဆန်းစစ်ခြင်း ဟု ဆိုလေ့ရှိသည့် သတ်မှတ်ထားသည့် အထူးအခြေအနေများ၌သာ ကန့်သတ်နိုင်သည်။ ကန့်သတ်ချက်များသည် -

- **ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ခြင်း -** ကန့်သတ်ချက်များသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် သူ သို့မဟုတ် သူမ၏ အပြုအမူကို ဥပဒေနှင့်အညီ ထိန်းချုပ်နိုင်စေရန်အလို့ငှာ လုံလောက်တိကျစွာ ရေးဆွဲထားရမည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်ရာတွင် ဝေဝါးသော ၊ မရေရာသော သို့မဟုတ် အလွန်အမင်း ကျယ်ပြန့်သော ကန့်သတ်ချက်များ မပြုလုပ်သင့်ပါ။
- **တရားမျှတသည့် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းရမည်** - ICCPR အပိုဒ် - ၁၉ (၃)(က) နှင့် (ခ) တို့တွင် အခြားတစ်ပါးသူများ၏ အခွင့်အရေးနှင့် နာမည်ဂုဏ်သတင်း ၊ နိုင်ငံတော် လုံခြုံရေး ၊ အများပြည်သူ အေးချမ်းသာယာရေး ၊ ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားများ စသည်တို့ကို အကာအကွယ်ပေးရမည်ဖြစ်ကြောင်း ပြဆိုထားသည်။ သို့ဖြစ်ရာ အစိုးရ သို့မဟုတ် အစိုးရက ချမှတ်ကျင့်သုံးသော နိုင်ငံရေး သို့မဟုတ် လူမှုရေး စနစ် တို့အပေါ် ဝေဖန်ထောက်ပြမှုများကိုသာ အခြေပြု၍ တားမြစ်ကန့်သတ်မှုများ ပြုလုပ်ခြင်းအား ခွင့်ပြုရန် မသင့်ပါ။
- **လိုအပ်မှုရှိခြင်း နှင့် ပြစ်မှုပြစ်ဒဏ် အချိုးအစားမျှတခြင်း** - လိုအပ်မှုရှိခြင်းဟု ဆိုရာတွင် အဆိုပါကန့်သတ်မှု ပြုလုပ်ရန် လူမှုရေးအရ လိုအပ်မှု အမှန်တကယ်ရှိရမည်။ ပြစ်မှု ၊ ပြစ်ဒဏ် အချိုးအစား မျှတခြင်း ဆိုသည်မှာ ထုတ်ဖော်ပြောဆိုမှုများအား ကန့်သတ်မှုသည် အလွန်အမင်း ကျယ်ပြန့်ယေဘူယျဆန်ခြင်း မဖြစ်ရန် လိုအပ်သည့်အပြင် ရည်ရွယ်သည့်အတိုင်း အကာအကွယ်ပေးမှု ဖြစ်စေရန် သင့်လျော်လုံလောက်သည့် ပြဆိုမှုဖြစ်ရမည်။ ကန့်သတ်တားမြစ်မှုများအား တိကျစွာ ဖော်ပြ၍ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေဖြင့် အဆိုပါ အကာအကွယ်ပေးမှုကို ခံစားရရှိစေရန် နှင့် တူညီသော ရလဒ်ကို ရရှိစေနိုင်သည့် အခြားသော ဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများ ထက်မပိုသော ပြစ်ဒဏ်မျိုးသာဖြစ်သင့်သည်ဟု ဆိုလိုသည်[12]။

၂၀၁၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် အင်တာနက်အခွင့်အရေးဆိုင်ရာ ပူးတွဲ ကြေညာချက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်လေးဦးတို့က အဆင့်သုံးဆင့် ဆန်းစစ်ချက်အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆိုင်ရာ နိုင်ငံတကာ စံနှုန်းများသည် အင်တာနက် ချိတ်ဆက်

[12] Human Rights Committee (HR Committee), General Comment No. 34, UN Doc CCPR/C/GC/34, 12 September 2011.

ရယူပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့် တို့နှင့် အပြည့်အဝ သက်ဆိုင် သက်ရောက်မှု ရှိသည်ဟု အလေးထားဖော်ပြခဲ့သည်[13]။ ထို့အပြင် -

*လူထုတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တဒေသ တို့၏ အင်တာနက် ချိတ်ဆက်မှုကို ဖြတ်တောက်ခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖြတ်တောက်ခြင်း (အင်တာနက် ပိတ်ဆို့မှု) ကို အများပြည်သူ အေးချမ်းသာယာရေး သို့မဟုတ် နိုင်ငံတော် လုံခြုံရေးဟူသည့် အကြောင်းပြချက်များအပါအဝင် မည်သည့်အခြေအနေမျိုးမဆို၌ မှန်ကန် သင့်တော်သည်ဟု အကြောင်းပြခြင်း မပြုနိုင်ပါ.. ဟု အလေးအနက် ထည့်သွင်းထားသည်[14]။*

အဆိုပါ အထူးကိုယ်စားလှယ်လေးယောက် ထုတ်ပြန်ခဲ့သည့် ၂၀၁၅ ခုနှစ် ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများအား တုန့်ပြန်ကိုင်တွယ်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်တွင် -

*ဆက်သွယ်ရေးကို ဖြတ်တောက်သည့် ခလုပ်များ အသုံးပြု၍ (ဆက်သွယ်ရေးစနစ်များ၏ အစိတ်အပိုင်းများကို ပိတ်ဆို့ခြင်းဖြင့်) အင်တာနက်ပေါ်ရှိ တင်ပြမှုများအား ကန့်သတ်တားဆီးခြင်း နှင့် သတင်းထုတ်လွှင့်ရာ နေရာများအား ကိုယ်ထိလက်ရောက် စီးနင်းသိမ်းပိုက်ခြင်းတို့ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများအရ မည်သည့်အခါတွင်မှ မှန်ကန်သင့်တော်သည်ဟု အကြောင်းပြချက်ပေး၍ မရနိုင်ပါ ဟုဖော်ပြထားသည်[15]။*

နိုင်ငံအတော်များများက အင်တာနက်ချိတ်ဆက်မှုကို ပိတ်ဆို့ခြင်း သို့မဟုတ် ဒစ်ဂျစ်တယ် ဆက်သွယ်ရေး နည်းလမ်းများကို ဖြတ်တောက်ခြင်း ပြုလုပ်ခဲ့သည်ကို အကြောင်းပြု၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက ၂၀၁၆ ခုနှစ် ဇွန်လတွင် "နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို ဖောက်ဖျက်၍ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း သို့မဟုတ် ချိတ်ဆက်ရယူခြင်းကို ရည်ရွယ်ချက်ရှိရှိ တားဆီးခြင်းပြုလုပ်နိုင်သည့် ပြဌာန်းချက်များ" ကို ကန့်ကွက်ရှုံ့ချခဲ့ပြီး နိုင်ငံအားလုံးအနေဖြင့် အဆိုပါ ပြဌာန်းချက်များကို အသုံးမပြုရန်နှင့် ဖျက်သိမ်းရန် တိုက်တွန်းခဲ့သည်[16]။ လူ့အခွင့်အရေးကောင်စီ၏ ပြင်းထန်သည့် စကားလုံးများဖြင့် သုံးစွဲထားသော အဆိုပါ ထုတ်ပြန်ကြေညာချက်သည်

---

13 Joint Declaration on Freedom of Expression and the Internet, UN Special Rapporteur on Freedom of Opinion and Expression (Special Rapporteur on FOE), the Organization for Security and Co-operation in Europe (OSCE) Representative on Freedom of the Media, the Organization of American States (OAS) Special Rapporteur on Freedom of Expression and the African Commission on Human and Peoples' Rights (ACHPR) Special Rapporteur on Freedom of Expression and Access to Information, 1 June 2011, para. 1(a).

14 *Ibid.,* para. 6(b).

15 ကုလသမဂ္ဂ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်း (OSCE) မှ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်၊ အမေရိကန်ပြည်နယ်များ (OAS) ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် နှင့် လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိက ကော်မရှင် (ACHPR)၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရရှိပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပဋိပက္ခအခြေအနေများတွင် လုပ်ဆောင်မှုများဆိုင်ရာ ပူးတွဲကြေညာချက်။ https://www.osce.org/fom/154846 .

16 Human Rights Council, 'The promotion, protection and enjoyment of human rights on the Internet', UN Doc A/HRC/32/L.20, 27 June 2016, paras 10.

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူခွင့်တို့ကို ကျင့်သုံးရာတွင် အင်တာနက်ကွန်ယက် ဖြတ်တောက်ပိတ်ဆို့မှု၏ သက်ရောက်မှု ပြင်းထန်ပုံကို ထင်ဟပ်နေပါသည်။

ထို့အပြင် လူ့အခွင့်အရေးကော်မတီက ဥပဒေအရ ယေဘူယျ အင်တာနက် ပိတ်ဆို့မှုကို ရည်ညွှန်း၍ "ခွင့်ပြုနိုင်သော ကန့်သတ်ချက်ဆိုသည်မှာ ICCPR အပိုဒ် (၁၉) ၊ အပိုဒ်ခွဲ - ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြမှု တစ်မျိုးတစ်စားကိုလည်းကောင်း၊ ဝဘ်ဆိုဒ်များ နှင့် စနစ်များ ထုတ်လွှင့်မှုကိုလည်းကောင်း ကန့်သတ်တားမြစ်မှု" မျိုးဖြစ်သည်ဟု ဖော်ပြထားပါသည်[17]။

## သုံးသပ်ချက်

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သော အင်တာနက် ဖြတ်တောက်ပိတ်ဆို့မှုသည် အောက်ပါ အချက်အလက်များကြောင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၌ ပြဆိုထားသည့် ဖွင့်ဆိုချက်များနှင့် မညီကြောင်း ARTICLE 19 ကထောက်ပြလိုပါသည်။

- **ကျယ်ပြန့်လွန်းသည့် ဥပဒေဖွင့်ဆိုချက်** - ၂၀၁၃ ဆက်သွယ်ရေး အက်ဥပဒေ ၊ ပုဒ်မ - ၇၇ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် လုပ်ပိုင်ခွင့်ရှိသော အင်တာနက် ပိတ်ဆို့မှုမှာ -

  *ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများအား ယာယီ ရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစားတစ်ရပ်ရပ်အား မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက် နှင့် ဆက်သွယ်မှုများကို ရရှိနိုင်ရေး ၊ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်သွယ်ရေး ပစ္စည်းများကို ယာယီထိန်းချုပ်သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင် ရရှိသူအား ညွှန်ကြားနိုင်သည်။*

  အဆိုပါ ပုဒ်မသည် ကျယ်ပြန့်လွန်းပြီး ICCPR ပုဒ်မ - ၁၉ ၊ အပိုဒ် - ၃ ပါပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ဥပဒေအရ လိုအပ်မှုသာ ဆိုသည့် အချက်နှင့် မကိုက်ညီကြောင်း ARTICLE 19 က ၂၀၁၇ ခုနှစ်တွင် ဥပဒေသုံးသပ်ချက် တစ်စောင် ထုတ်ပြန်ခဲ့ပါသေးသည်[18]။ လက်ရှိ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ အခြေအနေသည် အရေးပေါ်အခြေအနေ ဟု ဆက်သွယ်ရေးအက်ဥပဒေ ပုဒ်မ - ၇၇ အရ သတ်မှတ်သော်ငြား အရေးပေါ်အခြေအနေ ဆိုသည်ကို ရှင်းလင်းဖွင့်ဆိုထားခြင်း မရှိပါ။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂ

---

17 Human Rights Committee, General Comment No. 34, UN Doc CCPR/C/GC/34, 12 September 2011, para 43.

18 ARTICLE 19, 'Myanmar: Telecommunications Law, 2013, March 2017, p 16, https://www.article19.org/data/files/medialibrary/38665/Myanmar-analysis--8-March-2017.pdf .

အထူးကိုယ်စားလှယ်က “အင်တာနက်ဝန်ဆောင်မှု ရပ်ဆိုင်းရန် အမိန့်ညွှန်ကြားချက်များကို ဝေဝါးစွာ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း များကို အသုံးပြုထုတ်ပြန်လေ့ ရှိကြပြီး ဥပဒေကြောင်းအရ လိုအပ်ချက်နှင့် ကိုက်ညီခြင်း မရှိပါ” ဟုထောက်ပြခဲ့သည်[19]။

- **အင်တာနက် ပိတ်ဆို့မှုအတွက် လုံလောက်သော ၊ တရားမျှတသော ကျိုးကြောင်းပြနိုင်မှု မရှိခြင်း** - တည်ငြိမ်အေးချမ်းမှုကို ထိပါးစေမှု နှင့် ဥပဒေနှင့် မညီသော လုပ်ဆောင်မှုများ ချိတ်ဆက်လုပ်ဆောင်နိုင်မှု ဆိုသည့်ဖော်ပြချက်သည် အများပြည်သူ တည်ငြိမ်အေးချမ်းရေး သို့မဟုတ် နိုင်ငံတော်လုံခြုံရေး ဟူသော အကြောင်းပြချက်များဖြင့် အကာအကွယ်ပြုရန်လိုအပ်သည်ဟု ရှုမြင်နိုင်သော်လည်း မြန်မာနိုင်ငံတော် အစိုးရသည် အဆိုပါ တည်ငြိမ်အေးချမ်းမှုကို ထိပါးနှောက်ယှက်မှုများ နှင့် ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများ ချိတ်ဆက်လုပ်ဆောင်နိုင်မှု ဆိုသည့် ရည်ညွှန်းအကြောင်းပြချက်များအား အများပြည်သူကို ထိရောက်ခိုင်မာစွာ ရှင်းလင်းပြနိုင်ခြင်း မရှိပေ။ သို့ရာတွင် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ယင်းကဲ့သို့ သေချာစွာ ရှင်းလင်းပြောကြားနိုင်သည် ဆိုစေကာမူ ဤအင်တာနက် ဖြတ်တောက်မှုသည် ICCPR အပိုဒ် - ၁၉ ၊ အပိုဒ်ခွဲ - ၃ ပါ အဆင့်သုံးဆင့် ဆန်းစစ်ခြင်းပါ အချက်တစ်ချက်နှင့် ငြိစွန်းနေပါသေးသည်။
- **အင်တာနက်ဖြတ်တောက်မှုများသည် အခြေခံအားဖြင့် အချိုးအစားမျှတသည့် အရေးယူမှုမဟုတ်ပါ** - အထက်တွင်ပြဆိုခဲ့သည့်အတိုင်း နိုင်ငံတကာစံနှုန်းများအရ အင်တာနက် ချိတ်ဆက်မှု ဖြတ်တောက်ခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိတ်ဆို့ခြင်းသည် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်း နှင့် သတင်းအချက်အလက် ရယူခြင်းတို့အတွက် အချိုးအစား မမျှတသည့် အရေးယူမှု ဖြစ်ပါသည်။ ယခုကိစ္စတွင် မြန်မာနိုင်ငံတော် အစိုးရက မြို့နယ်များအား အင်တာနက် ဖြတ်တောက်ခြင်းသည် ဥပဒေနှင့် မညီသည့်လုပ်ငန်းများအား ချိတ်ဆက် လုပ်ဆောင်မှုများကို တားဆီးရန် သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို နှောက်ယှက်ဖျက်ဆီးခြင်းကို တားမြစ်ရန် လိုအပ်သည်ဟု ပြသနိုင်ခြင်း မရှိပေ။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်က “အင်တာနက် ဖြတ်တောက်ခြင်းသည် လိုလားသည့် ရည်ရွယ်ချက် ပြည့်မြောက်စေရန် အမှန်တကယ် လိုအပ်သည် ဟု ပြသရန် လိုအပ်ပြီး အစိုးရများအနေဖြင့် မကြာခဏ သက်သေပြနိုင်ခြင်း မရှိပေ” ဟု ဆိုခဲ့သည်[20]။ ထိုမျှသာမက တားမြစ်ရာတွင် တရားမျှတသည့် ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်မြင်နိုင်ရန် အနည်းဆုံး ကန့်သတ်မှုသာ ဖြစ်ရမည်။ မြန်မာနိုင်ငံတော် အစိုးရသည် ၎င်း၏ ရည်ရွယ်ချက် ပြည့်မြောက်အောင်မြင်နိုင်ရန် မြို့နယ် ကိုးမြို့နယ်ကို အင်တာနက်ဖြတ်တောက်ခြင်းနည်းလမ်းမှလွဲ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် အခြားနည်းလမ်း မရှိပါ ဟု ကျိုးကြောင်းပြနိုင်ခြင်း မရှိပါ။

---

[19] Report of the Special Rapporteur on the promotion and protection of the right to freedom of opinion and expression, 30 March 2017, A/HRC/35/22, para 10.

[20] Report of the Special Rapporteur on the promotion and protection of the right to freedom of opinion and expression, 30 March 2017, A/HRC/35/22, para 14.

ARTICLE 19 က အာဏာပိုင်များအနေဖြင့် အကျဉ်းအကြပ် အခြေအနေများတွင် ဆက်သွယ်ရေး အော်ပရေတာများကို အရေးပေါ် ကြေညာချက်များ ထုတ်ပြန်စေခြင်း ကဲ့သို့သော ခွင်းချက်နည်းလမ်းများ အသုံးပြုနိုင်ကောင်း ပြုနိုင်လိမ့်မည်ဟု မှတ်ချက်ပြုပါသည်။ သို့ရာတွင် အဆိုပါ နည်းလမ်းများသည် ICCPR အပိုဒ် (၁၉) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရပါမည်။ အရေးပါသည့်အချက်မှာ အဆိုပါ နည်းလမ်းများသည် တရားမျှတသည့် ရည်ရွယ်ချက် ပြည့်မြောက်စေရန် ကန့်သတ်မှု အနည်းဆုံးဖြင့်သာ ချမှတ်လုပ်ဆောင်ရမည်။ မြန်မာနိုင်ငံတွင်း မြို့နယ်များတွင် ရက်သတ္တပတ် ခုနစ်ပတ်ကြာ အင်တာနက် လုံး၀ ဖြတ်တောက်မှုကဲ့သို့သော လုပ်ဆောင်မှုမျိုးသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ချိုးဖောက်ကြောင်း ထင်ရှားပါသည်။ အဆိုပါ ဖြတ်တောက်မှုနည်းလမ်းသည် ရခိုင်ဒေသတွင် ဖြစ်ပွားနေခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေများကို ထောက်ဆပါက ထိတ်လန့်ဖွယ် အန္တရာယ်ကြီးမားလှသည့် အတွက် အလျှင်အမြန် ရုပ်သိမ်းရမည် ဖြစ်ပါသည်။

## အကြံပြုချက်များ

### မြန်မာနိုင်ငံတော် အစိုးရသို့

- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တယ်လီဖုန်း အင်တာနက်ဖြတ်တောက်မှုများကို ချက်ခြင်း ဖယ်ရှားပေးရန်၊
- ဆက်သွယ်ရေးဥပဒေ ပုဒ်မ - ၇၇ ကို ပယ်ဖျက်ရန်၊ အာဏာပိုင်များအနေဖြင့် အင်တာနက် ဖြတ်တောက်၊ ရပ်ဆိုင်း ပိုင်ခွင့်ကို ဥပဒေအရ ခွင့်ပြုထားခြင်း မပြုသင့်ပါ။ အရေးပေါ်အခြေအနေများတွင် အင်တာနက် ဝန်ဆောင်မှု ရပ်ဆိုင်းခြင်း ၊ ကန့်သတ်ခြင်းများ ပြုလုပ်ရန် လိုအပ်ပါက အဆိုပါ ခြွင်းချက်အခြေအနေများ နှင့် ကိုက်ညီသည့် အချိုးအစားမျှတသည့် နည်းနိုင်သမျှ အနည်းဆုံးကန့်သတ်မှုကိုသာ တရားရုံး၏ ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သင့်သည်။

### ဆက်သွယ်ရေး အော်ပရေတာ ကုမ္ပဏီများသို့

၂၀၁၇ ခုနှစ်ထုတ် အစီရင်ခံစာ "Getting Connected[21]" တွင် ARTICLE 19 က ဆက်သွယ်ရေး အော်ပရေတာကုမ္ပဏီများ အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် မကိုက်ညီသည့် အစိုးရညွှန်ကြားချက်များကို ရင်ဆိုင်နိုင်ရန် အကြံပြုချက်များ ထည့်သွင်းထားသည်။ လူ့အခွင့်အရေး စံနှုန်းများနှင့် မကိုက်ညီသည့် မေတ္တာရပ်ခံမှု သို့မဟုတ် အမိန့်ညွှန်ကြားချက်များ ရရှိပါက ဆက်သွယ်ရေး ဝန်ဆောင်မှု ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး မူဝါဒများကို အတတ်နိုင်ဆုံး လိုက်နာရန် တာဝန်ရှိသည်။ အင်တာနက် ကွန်ယက်ဖြတ်တောက်မှုနှင့် သက်ဆိုင်ပါက

21 ARTICLE 19, 'Getting Connected,' https://www.article19.org/wp-content/uploads/2017/06/Final-Getting- Connected-2.pdf .

အောက်ပါ အဆင့်များကို လိုက်နာရန် ဝတ္တရားရှိသည် -

*ကြိုတင်ပြင်ဆင်ခြင်း နှင့် တင်ကြိုခန့်မှန်းခြင်း*

• အင်တာနက် ကွန်ယက်ဖြတ်တောက်ရန် ညွှန်ကြားနိုင်သည့် ပြည်တွင်း ဥပဒေများကို ဖော်ထုတ်ပါ။

• ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ ၊ လုပ်ငန်းတူ ကုမ္ပဏီများ နှင့် အခြားသော သတင်းရင်းမြစ်များ နှင့်တိုင်ပင်၍ မည်သို့သော အခြေအနေများတွင် နိုင်ငံတော်အစိုးရသည် အင်တာနက် ဝန်ဆောင်မှု ရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည်ကို ဖော်ထုတ်ပါ။

• မိမိဝန်ထမ်းများကို အင်တာနက်ဝန်ဆောင်မှု ဖြတ်တောက်နိုင်ခြေ ရှိသည့် အခြေအနေများကို သိနားလည်စေရန် ပညာပေးခြင်း ၊ အဆိုပါ အခြေအနေမျိုး ကြုံလာပါက အများပြည်သူ ဆက်ဆံရေးဆိုင်ရာ နည်းဗျူဟာများအပါအဝင် ဆုံးဖြတ်ချက် ချမှတ်ခြင်း ဆိုင်ရာ နည်းဗျူဟာများ ရေးဆွဲထားပါ။

*ကြံ့ကြံ့ခံခြင်း နည်းဗျူဟာ*

• အင်တာနက် ဖြတ်တောက်ရခြင်း ရည်ရွယ်ချက် ၊ ကြာမြင့်မည့် အချိန်ကာလနှင့် ဖြတ်တောက်ရမည့် အတိုင်းအတာ စသည်တို့ကို ရှင်းလင်းစွာ သိရှိနိုင်စေရန် အစိုးရအား မေးမြန်းပါ။

• သက်ဆိုင်ရာ အမိန့်ကြော်ငြာစာများအား ဥပဒေကြောင်းအရ တိကျစွာ ကျင့်သုံးနိုင်ရန် ဥပဒေအကြံပေးပုဂ္ဂိုလ်များ ခန့်အပ်ခြင်း အပါအဝင် သင့်တော်သည့် ဥပဒေနည်းလမ်းများ ပြင်ဆင်ထားပါ။

• ရင်ဆိုင်နိုင်စွမ်း ပိုမိုအားကောင်းစေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်း လုပ်ဆောင်ပါ။

*လျော့ပါးသက်သာစေခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း*

• ထိခိုက်နစ်နာနိုင်ခြေရှိသည့် လူပုဂ္ဂိုလ်များအား ဆက်သွယ်၍ အင်တာနက် ဖြတ်တောက်မှု ဆိုင်ရာ အချက်အလက်များ ၊ ကြာမြင့်မည့်အချိန် နှင့် အတိုင်းအတာ တို့အပြင် သတင်းအချက်အလက်များ မည်သည့်နေရာမှ ရရှိနိုင်မည် စသည့် သတင်းအချက်အလက်များ ပေးပို့ပါ။

• အင်တာနက်ဖြတ်တောက်ထားသည့် ကာလအတွင်း ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ဆက်လက် ထိန်းသိမ်းထားပါ။

• အင်တာနက် ဝန်ဆောင်မှုဖြတ်တောက်ခြင်း ကို (ပထဝီအနေအထားအရ နှင့် အချိန်ကာလအရ) အတတ်နိုင်ဆုံး နည်းနိုင်သမျှ နည်းအောင် ကြိုးစားပါ။

• ဖြစ်နိုင်သမျှ ချက်ခြင်း အင်တာနက် ချိတ်ဆက်မှု ပြန်လည်ရရှိပါစေ။

*ဝန်ဆောင်မှု သဘောတူညီချက်*

• နိုင်ငံတော်အစိုးရက ပြဌာန်းထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများအရ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏

အင်တာနက်ချိတ်ဆက်မှုအား မည်သို့သော အခြေအနေများတွင် ဖြတ်တောက်နိုင်သည်ကို ဝန်ဆောင်မှု သဘောတူညီချက်တွင် ရှင်းလင်းစွာ ဖော်ပြထားပါ။

- အဆိုပါ ဝန်ဆောင်မှု သဘောတူညီချက်တွင် ဆက်သွယ်ရေး ကုမ္ပဏီများသည် -
    - အင်တာနက် ဖြတ်တောက်ရန် ညွှန်ကြားမှုကို ပြည်တွင်း ဥပဒေအရ ခွင့်ပြုထားသည့် နည်းလမ်းများအရ ညှိနှိုင်းအဖြေရှာ၍ မရမှသာ လိုက်လျောရန် ၊
    - အင်တာနက်ဖြတ်တောက်မှု အကြောင်းကို သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအား ချက်ခြင်း အကြောင်းကြားခြင်း နှင့် ထူးခြားအခြေအနေများကို ပုံမှန် အသိပေးခြင်းများ ပြုလုပ်ရန်၊
    - ကုမ္ပဏီအနေဖြင့် အင်တာနက် ဖြတ်တောက်မှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှုများနှင့် မကောင်းသော အကျိုးသက်ရောက်မှုများကို ကုစားပေးနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ပံ့ပိုးပေးခြင်း စသည်တို့ ပြုလုပ်သင့်ပါသည်။